## မာတိကာ


| | |
|---|---|
| နိဒါန်း | ၁ |
| စာရေးသူ၏ ကြိုးပမ်းမှုများ | ၁၈ |
| အခန်း (၁) | |
| ကိုင်ရိုမြို့မှ အစ်စတန်ဘူမြို့သို့ | ၁၉ |
| အခန်း (၂) | |
| ဒေါ်တိုမင်အုပ်ချုပ်ရေးကို အာရပ်တို့ စိမ်ခေါ်ခြင်း | ၆၄ |
| အခန်း (၃) | |
| မိုဟာမက်အလီ၏ အီဂျစ်အင်ပါယာ | ၁၁၀ |
| အခန်း (၄) | |
| ပြုပြင်ရေး၏ အန္တရာယ်များ | ၁၃၀ |
| အခန်း (၅) | |
| ပထမဆုံး-ကိုလိုနီလိုင်း ပုတ်ခတ်ခြင်း | ၁၅၅ |
| အခန်း (၆) | |
| ပထမကမ္ဘာစစ်အတွင်းနှင့် စစ်ပြီးကာလအခြေအနေ | ၂၁၃ |
| အခန်း (၇) | |
| အရှေ့အလယ်ပိုင်းဒေသရှိ ဗြိတိသျှအင်ပါယာ | ၂၅၂ |
| အခန်း (၈) | |
| အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ ပြင်သစ်အင်ပါယာ | ၃၀၆ |
| အခန်း (၉) | |
| ပါလက်စတိုင်းပြဿနာ | ၃၄၅ |
| အခန်း (၁၀) | |
| အာရပ်အမျိုးသားရေးဝါဒ ပေါ်ထွန်းလာခြင်း | ၃၈၀ |
| အခန်း (၁၁) | |
| အာရပ်အမျိုးသားရေးဝါဒကျဆင်းလာခြင်း | ၄၃၇ |
| အခန်း (၁၂) | |
| ရေနံခေတ် | ၄၉၃ |
| အခန်း (၁၃) | |
| အစ္စလာမ်၏ ပါဝါ | ၅၆၂ |
| အခန်း (၁၄) | |
| စစ်အေးတိုက်ပွဲ ခေတ်လွန်ကာလ | ၆၂၆ |
| နိဂုံး | |
| စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု | ၆၇၁ |




## စာရေးသူ၏ ကြိုးပမ်းမှုများ

အာရပ်သမိုင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာမှ သမိုင်းပညာရှင်များစွာက စာအုပ်စာတမ်းများစွာ ရေးသားထုတ်ဝေခဲ့ကြပြီးဖြစ်သောကြောင့် ကျွန်တော် လက်လှမ်းမီသမျှ ရှာဖွေလေ့လာဆည်းပူးခဲ့ပါသည်။

ကျွန်တော် ငယ်စဉ်ဘဝတွင် ဘော့ဂွတ်မြို့နှင့် ကိုင်ရိုမြို့များတွင် နေထိုင်ခဲ့ဖူးသောကြောင့် အရှေ့အလယ်ပိုင်းဒေသကို လွန်စွာစိတ်ဝင်စားသည်။

ကျွန်တော် အမေရိကန်နိုင်ငံတွင် အထက်တန်းအောင်ပြီး တက္ကသိုလ်တက်ရသောအခါ အရှေ့အလယ်ပိုင်းဒေသ၏ သမိုင်းဘာသာကို အထူးပြု ယူခဲ့သည်။ ဘွဲ့ရပြီး နောက်ပိုင်းကာလတွင် အာရဗီဘာသာစာပေနှင့် စကားကို သင်ယူခဲ့သည်။ ပြီးနောက် တူရကီဘာသာစာပေနှင့် စကားကို သင်ယူပြီး အာရဗီဘာသာဖြင့် ရေးသားထားသော စာအုပ်စာတမ်းများ၊ လက်ရေးမှတ်တမ်းများ၊ သမိုင်းအချက်အလက်အားလုံးကို စာကြည့်တိုက်ပေါင်းများစွာတွင် ဝင်ရောက်လေ့လာဖတ်ရှုပြီးမှ အချက်အလက်အားလုံးကို စုဆောင်းခဲ့သည်။

သမိုင်းမှတ်တမ်းဖြစ်သောကြောင့် (၁) မှန်ကန်ဖို့ အရေးကြီးသည်။ (၂) အချက်အလက်စုံလင်ဖို့ အရေးကြီးသည်။

ထို့ကြောင့် နိုင်ငံတကာစာကြည့်တိုက်ကြီးများမှ စာအုပ်စာတမ်းများကို အသေးစိတ် လေ့လာသိရှိပြီးသောအခါ မြေပြင်တွင် ကွင်းဆင်းလေ့လာရန်အတွက် အီဂျစ်နိုင်ငံ၊ မြောက်အာဖရိက နိုင်ငံများ၊ မော်ရိုကိုနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ လက်ဘနွန်နိုင်ငံ၊ အီရတ်နိုင်ငံနှင့် ပါလက်စတိုင်းဒေသများအထိ လှည့်ပတ်သွားလာနေထိုင်ပြီး ဒေသခံများကို လေ့လာခဲ့သည်။ ဆိုင်းနိုင်း ကျွန်းဆွယ်ကြီးသည် သမိုင်းတွင် အရေးပါသောကြောင့် နေရာအနှံ့သွားလာပြီး လေ့လာသုတေသန ပြုခဲ့သည်။

ပြင်သစ်အုပ်စိုးမှု ခံခဲ့ရသော မော်ရိုကိုနိုင်ငံနှင့် ဆီးရီးယားနိုင်ငံများသို့သွားပြီး တော်လှန်ရေး ကာလ မှီခဲ့သူများကို ရှာဖွေမေးမြန်းခဲ့ရသည်။ အားလုံးလေ့လာပြီးစီးသောအခါ စုဆောင်းထားသော မှတ်တမ်းများအားလုံးကို စနစ်တကျ နေရာချထားပြီး အာရပ်သမိုင်းကို ခံစားချက်ကင်းမဲ့စွာဖြင့် အချက်အလက်များကိုသာ ရေးသားခဲ့ပါသည်။

ဤစာအုပ်အတွက် နှစ်ပေါင်းများစွာ အချိန်ပေးပြီး ကြိုးပမ်းရကျိုးနပ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ ခရီးသွားကြသူများ၊ စီးပွားရေးလုပ်ငန်းဖြင့် သွားကြမည့်သူများအတွက် များစွာအကျိုးရှိသည်ဟု သိရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။